MM 9700001 12 P
MM9700001

MYANMAR LIBRARY ASSOCIATION NEWSLETTER

မြန်မာနိုင်ငံစာကြည့်တိုက်အသင်း

စာကြည့်တိုက်

အမှတ် ၂ / ၁၃၅၇ခု၊ ဦးတန်ခူးလ.    April, 1995. No. 2

INIS MM--001

## မြန်မာနိုင်ငံ စာကြည့်တိုက်အသင်း
## စာကြည့်တိုက်အသင်း ဖြစ်မြောက်ရေး ဆောင်ရွက်ချက် မှတ်တမ်းများ

| | |
|---|---|
| ၁၄-၁၂-၉၀ | ဝန်ကြီးဌာနပေါင်းစုံရှိ စာကြည့်တိုက်မှူးများကို ဖိတ်ကြား၍ အသင်းဖြစ်မြောက်ရေး အစည်းအဝေးခေါ်ပြီး အသင်းဖြစ်မြောက်ရေး ကော်မတီကို ဖွဲ့စည်းခဲ့သည်။ |
| ၂၃-၁-၉၁ | အသင်းအဖွဲ့ ဖွဲ့စည်းခွင့်လျှောက်ထားသည်။ |
| ၈-၄-၉၁ | ကမာရွတ်မြို့နယ်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့မှ မြို့နယ်စုငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သို့ ထောက်ခံကြောင်း အကြောင်းကြားစာပေးပို့သည်။ |
| ၂၃-၈-၉၁ | အဆင့်မြင့်ပညာဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် (ဦးဝင်းမောင်) ကခေါ်ယူမေးမြန်းပါသည်။ |
| ၁၀-၁၂-၉၁ | ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာန၊ အသင်းအဖွဲ့များ ဖွဲ့စည်းခွင့်ပြုရေးနှင့် ကြီးကြပ်ရေးဗဟို အဖွဲ့က ယင်းအဖွဲ့၏ အစည်းအဝေး ၂ /၉၁ ၏ ဆုံးဖြတ်ချက်အရ ဖွဲ့စည်းခွင့် မပြုကြောင်း အကြောင်းကြားစာ ရရှိခဲ့ပါသည်။ |
| ၉-၁၁-၉၂ | ပညာရေးဝန်ကြီးနှင့် ပညာရေးဝန်ကြီးဌာနအောက်ရှိ စာကြည့်တိုက်မှူးများ တွေ့ဆုံဆွေးနွေးပွဲတွင် ပညာရေးဝန်ကြီးက ဤအသင်းကြီး ဖြစ်မြောက်အောင် ဝိုင်းဝန်းကြိုးပမ်းသင့်ကြောင်း အကြံပြု လမ်းညွှန်ခဲ့ပါသည်။ |
| ၁၀-၁၁-၉၂ | အသင်းဖွဲ့စည်းခွင့် ပြန်လည်တောင်းခံခဲ့ပါသည်။ |
| ၂၃-၁၂-၉၂ | ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာနက အသင်းအဖွဲ့ ဖွဲ့စည်းခွင့်အမှတ်-၁၈၃၁-ဖြင့် ဖွဲ့စည်းခွင့် ပြုခဲ့သည်။ |
| ၁၃-၁-၉၃ | စတင်ဖွဲ့စည်းခွင့်တောင်းစဉ်က တင်ပြခဲ့သောအသင်း၏ ဖွဲ့စည်းပုံ စည်းမျဉ်းဥပဒေထက်ပို၍ ကျယ်ပြန့်သော စည်းမျဉ်းဥပဒေ ဖြစ်သင့်သည်ဟု ပညာရေးဝန်ကြီးက လမ်းညွှန်မှုပေးခဲ့ပါသည်။ |
| ၄-၂-၉၃ | အသင်းဖွဲ့စည်းပုံ မူကြမ်းကို ပညာရေးဝန်ကြီးဌာနသို့ ပြန်လည်တင်ပြခဲ့သည်။ |
| ၂၉-၄-၉၃ | ပညာရေးဝန်ကြီးဌာနက ဥပဒေကြမ်းအဖြစ် ရေးသား၍ ရှေ့နေချုပ်ရုံးသို့ ပေးပို့ခဲ့သည်။ |
| ၂၃-၉-၉၃ | ရှေ့နေချုပ်ရုံးက အသင်းဖြစ်မြောက်ရေးအဖွဲ့ အမှုဆောင်များနှင့် တွေ့ဆုံ၍ ဆွေးနွေးခဲ့ပါသည်။ |
| ၁၈-၁၁-၉၃ | ရှေ့နေချုပ်ရုံးက ပညာရေးဝန်ကြီးဌာန၏ သဘောထားမှတ်ချက် တောင်းယူခဲ့သည်။ |
| ၁၃-၁၂-၉၃ | ရှေ့နေချုပ်ရုံးက ပြန်ကြားရေးဝန်ကြီးဌာနသို့ သဘောထားမှတ်ချက် ကောင်းယူခဲ့သည်။ |
| ၂၀-၁၂-၉၃ | ပညာရေးဝန်ကြီးဌာနက ရှေ့နေချုပ်ရုံးသို့ သဘောထားမှတ်ချက်ပြန်လည် ပေးပို့ခဲ့သည်။ |
| ၁၈-၂-၉၄ | မြန်မာနိုင်ငံ စာကြည့်တိုက်အသင်း ဖြစ်မြောက်ရေးနှင့် အမျိုးသားစာကြည့်တိုက်ကိစ္စ တွေ့ဆုံညှိနှိုင်းပွဲ အခမ်းအနားကို အဆင့်မြင့်ပညာဦးစီးဌာန၊တက္ကသိုလ်များဗဟိုကောင်စီ အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံပညာရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်ပြီး လမ်းညွှန်အမှာစကား ပြောကြားပါသည်။ |
| ၂၈-၁၁-၉၄ | ပြည်ထဲရေးဝန်ကြီးဌာန၊ အသင်းအဖွဲ့များ ဖွဲ့စည်းခွင့်ပြုရေးနှင့် ကြီးကြပ်ရေးဗဟို အဖွဲ့ထံသို့ ဖွဲ့စည်းခွင့် လက်မှတ် အသစ်လဲလှယ်ခွင့် လျှောက်ထားပါသည်။ |

ပညာရှာသူ ဒို့ဝိုင်းကူ

VOL 28 № 23

## “ပညာရှာသူ တို့ဝိုင်းကူ”

စာကြည့်တိုက်ကောင်းတစ်ခုသည် တက္ကသိုလ်တစ်ခုပမာ ပညာရပ်မျိုးစုံလေ့လာရယူနိုင်စရာ ဘုံရိပ်သာပင်ဖြစ်ပေသည်။ ပညာရှာလိုသူလူတိုင်းအတွက်ကူညီရမည်မှာ စာကြည့်တိုက်မှူးအစရှိသောစာကြည့်တိုက်ဝန်ထမ်းတိုင်း၏ အဓိကတာဝန်လည်းဖြစ်သည်။

အသိပညာ ဖွံ့ဖြိုးရေးကဏ္ဍရှိ အကြောင်းအချက်ထုတ်လုပ်ခြင်း၊ သတင်းအချက်အလက်စုဆောင်းခြင်း၊စာအုပ်စာပေ အရည်အသွေးမြှင့်တင်ပေးနိုင်ခြင်း၊စသည်ဖြင့် ဉာဏလုပ်သားစာကြည့်တိုက်မှူးများသည်အသိပညာရှာလိုသူတို့၏ အားကိုးအားထားပြုနိုင်ရာ ပုဂ္ဂိုလ်မျိုးလည်းဖြစ်အပ်သည်။

စာကြည့်တိုက်မှူးအလုပ်ကို ရွေးချယ်ခြင်းမှာ အလုပ်တစ်ခုရရုံသက်သက် မဖြစ်သင့်ပြီ။မိမိတို့စာကြည့်တိုက်တွင်စာလာဖတ်ကြသူတို့အတွက်ဘယ်စာမျိုးတွေ ဘယ်မှာပါသည်၊ ဘယ်လိုစာအုပ်ကိုဘယ်လိုရှာရမည်၊ ဘယ်စာအုပ်ကိုဘယ်သို့အသုံးပြုနိုင်သည်- စသည်ဖြင့် အကြံကောင်း၊ ဉာဏ်ကောင်းများပေးနိုင်သည့် အရည်အချင်းရှိသောပုဂ္ဂိုလ်ဖြစ်ရပေမည်။ စာလာဖတ်သူအဆင့်ဆင့်၊ ပညာအနုအရင့်အလိုက်ကျေနပ်အောင်စာကြည့်တိုက်တို့ကအကောင်းဆုံးကူညီနိုင်ကြပေမည်။ဤသည်မှာ- “ပညာရှာသူ တို့ဝိုင်းကူ”-ဟူသော သဘောထားပင် ဖြစ်ပေသည်။

စာကြည့်တိုက်တို့တွင်ပညာရှာချင်သူတို့အတွက်စေတနာရှိ၊ နည်းလမ်းသိသောကူညီမှုတို့ကို စည်းမျဉ်းစည်းကမ်းဘောင်အတွင်းမှာသာဝိုင်းဝန်းကူညီအပ်သည်ကိုလည်း အထူးဂရုပြုအပ်ပေသည်။စာကြည့်တိုက်မှူးဦးသိန်းဟန်(ဆရာဇော်ဂျီ) တီထွင်ထားရစ်ခဲ့သော-“ပညာရှာသူ တို့ဝိုင်းကူ”-ဟူသော စာကြည့်တိုက် ဆောင်ပုဒ်သည်ပင် မြန်မာနိုင်ငံ စာကြည့်တိုက်အသင်း၏ ရည်မှန်းချက်နှင့် လုပ်ငန်းစဉ်များ ပီပြင်ထမြောက်အောင်မြင်နိုင်ရေးအတွက် တွန်းအားပေးသည့် လမ်းညွှန်စကားရပ်ပင် ဖြစ်ကြောင်း ကျွန်ုပ်တို့ ယုံကြည်သည်။ ။

## မြန်မာနိုင်ငံစာကြည့်တိုက်အသင်း၏ ရည်ရွယ်ချက်နှင့်လုပ်ငန်းစဉ်များ

### ရည်ရွယ်ချက်များ

(က) မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဖက်ဖက်မှ ဆောင်ရွက်ကြရာတွင်စာကြည့်တိုက် ပညာရှင်များနှင့် စာကြည့်တိုက်မှူးများ၏ စုပေါင်းစွမ်းအားဖြင့် တစ်ဖက်တစ်လမ်းမှ ပါဝင်ဆောင်ရွက်ရန်၊

(ခ) စာကြည့်တိုက်ပညာရှင်များနှင့်စာကြည့်တိုက်မှူးများ အချင်းချင်းပူး ပေါင်း၍ စာကြည့်တိုက်လုပ်ငန်းများ ဖွံ့ဖြိုးရေးအတွက်ယိုင်းပင်းကူညီရန်၊

(ဂ) စာကြည့်တိုက်ပညာရှင်များနှင့်စာကြည့်တိုက်မှူးများ၏အရည်အချင်းနှင့်အဆင့်အတန်းအစဉ်တိုးတက် မြင့်မားရေးအတွက်အထောက်အကူပြုရန်၊

(ဃ) ပြည်သူလူထုအတွင်း စာပေဗဟုသုတလေ့လာ လိုက်စားလိုစိတ် တိုးပွားပြီး စာကြည့်တိုက်၊ စာဖတ်ခန်း၊ စာကြည့်အသင်းများ ကျယ်ပြန့်စွာ ဖွံ့ဖြိုးပေါ်ပေါက်စေရန်၊

(င) မြန်မာ့စာပေအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေးနှင့်ဖွံ့ဖြိုး တိုးတက်ရေးအတွက်အထောက်အကူပြုရန်၊

(စ) စာကြည့်တိုက်လုပ်ငန်းများ ဆောင်ရွက်ရာတွင်အစိုးရဌာန၊အစိုးရ အဖွဲ့အစည်း၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၏ အကူအညီနှင့် ပူးပေါင်းဆောင်ရွက်မှုရယူနိုင်ရန်၊

(ဆ) စာကြည့်တိုက်ပညာ ခေတ်မီတိုးတက်မြင့်မားလာစေရန်၊

### လုပ်ငန်းစဉ်များ

အထက်ပါရည်ရွယ်ချက်များ အောင်မြင်စေရန် အောက်ပါလုပ်ငန်းစဉ်များကို တတ်စွမ်းသမျှကြိုးစားဆောင်ရွက်ကြရမည်။

(က) စာကြည့်တိုက်ပညာဆိုင်ရာ ဆွေးနွေးပွဲ၊ ဟောပြောပွဲများကို အခါအားလျော်စွာကျင်းပရန်၊

(ခ) စာကြည့်တိုက်ပညာများကို အများပြည်သူတို့ သိရှိနားလည်နိုင်စေရန်စာကြည့်တိုက်ပညာဂျာနယ်၊ မဂ္ဂဇင်းနှင့်အခြားစာအုပ်စာတမ်းများထုတ်ဝေရန်၊

(ဂ) စာကြည့်တိုက်ပညာ မွမ်းမံသင်တန်း၊ ဆင့်ပွားသင်တန်းများ ဖွင့်လှစ်ရန်၊

(ဃ) အသင်းရည်ရွယ်ချက်နှင့် ကိုက်ညီသော အခြားလုပ်ငန်းများကိုအကောင်အထည်ဖော်ရန်၊

မှတ်ချက်။ ။ဤအသင်းသည် မည်သည့် နိုင်ငံရေးပါတီ၊ အဖွဲ့အစည်းနှင့်မျှ ပတ်သက်ခြင်းမရှိသည့် အစိုးရမဟုတ်သောအဖွဲ့အစည်း၊ ( Non-Governmental Organization) ဖြစ်သည်။

ထိလာစစ်သူ၊ မောင်စွမ်းရည်
မုံရွာဝင်းပေ၊ ပျဉ်းမနားမောင်နီသင်း တို့၏ 'အမှာ' များဖြင့်
‘ ဘုတလင်ချစ်လေး၏ကဗျာ’
ထွက်တော့မည်……။

စာသမား၊ စာကြည့်တိုက်သမားတို့အကြိုက်
ဖတ်မှတ်သိမ်းဆည်းထားဖွယ်ရာ

လစဉ်ထုတ် အားမာန်သစ်စာပေ
၁၄၃၊ မြန်မာ့ဂုဏ်ရည်လမ်း
ကန်တော်ကလေး၊ ရန်ကုန်

တိုင်းရင်းဆေးပညာဦးစီးဌာန
တိုင်းရင်းဆေးပညာမဂ္ဂဇင်း
အမှတ် (၇) ထွက်ပြီ
ကျော်သိန်းဆွေ စီစဉ်သည်။

# ရှေးဟောင်းပေ ပုရပိုက်နှင့်လက်ရေးစာများ ပြုပြင်ထိန်းသိမ်းရေးဆိုင်ရာအဖွဲ့ ဖွဲ့

မြန်မာနိုင်ငံသည် ရှေးဟောင်းပေ၊ ပုရပိုက်နှင့်လက်ရေးစာ၊မင်စာ၊ကျောက်စာများ၊များစွာပိုင်ဆိုင်ထားသော နိုင်ငံတစ်နိုင်ငံဖြစ်သည်။ မြန်မာနိုင်ငံတွင်ရှိနေသေါ ပေ၊ပုရပိုက်နှင့်လက်ရေးစာများ၏အနေ အထားကိုလေ့လာသုံးသပ်သောအခါ စာကြည့်တိုက်နှင့်ပြတိုက်များတွင်စုဆောင်းထားရှိမှု ဘုန်းတော်ကြီးကျောင်းများတွင် စုဆောင်းထားရှိမှုနှင့်ပုဂ္ဂလိကလက်ဝယ်ပိုင်ဆိုင်ထားရှိမှုဟူ၍ တွေ့ရှိရသည်။ ယင်းပေ၊ပုရပိုက်နှင့်လက်ရေးစာများကို မိမိတို့အစီအစဉ်အတိုင်းထားသိုကြရာပျက်စီးမှုများရှိနေသည်ကို လေ့လာတွေ့ရှိရပါသည်။

ပြုပြင်ထိန်းသိမ်းမှုများ မပြုလုပ်နိုင်ပါကပေ၊ပုရပိုက်စာပေအမွေအနှစ်များ၊ လွယ်ကူစွာ ပျက်စီးဆုံးရှုံးနိုင်သောကြောင့် ပညာရေးဝန်ကြီးဌာန၊ ယဉ်ကျေးမှုဝန်ကြီးဌာန၊သာသနာရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာန၊ အမျိုးသားစီးပွားဖွံ့ဖြိုးရေးဝန်ကြီးဌာနလက်အောက်ရှိ သက်ဆိုင်ရာဌာနများစုစည်း၍'ဝန်ကြီးဌာနများပူးပေါင်းဆောင်ရွက်မှုအစီအစဉ်' (INTER MINI - STERIAL JOINT PROGRAM ME)ဖြင့် ပေ၊ပုရပိုက်နှင့်လက်ရေးစာများပြုပြင်ထိန်းသိမ်းမှုလုပ်ငန်းဆောင်ရွက်ကြရန်၊တာဝန်ရှိပုဂ္ဂိုလ်များက ဆုံးဖြတ်ကြသည်။

မြန်မာနိုင်ငံတွင် ပေ၊ ပုရပိုက်နှင့် လက်ရေးစာများ ပြုပြင် ထိန်းသိမ်းမှုအမျိုးသားဆိုင်ရာဌာန (NATIONAL CENTRE FOR THE PRESERVATION AND CONSERVATION OF MANUSCRIPTS)မဖွဲ့စည်းမီ ရှေးဟောင်းပေ၊ပုရပိုက်နှင့်လက်ရေးစာများပြုပြင်ထိန်းသိမ်းရေးဆိုင်ရာအဖွဲ့ကို ဦးထွန်းအောင်ချိန် မြန်မာသမိုင်းအဖွဲ့ဝင်ကဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ပြီးအဖွဲ့ဝင်(၁၂)ဦး ပါဝင်သောအဖွဲ့ကို ဖွဲ့စည်းထားကြောင်း သိရှိပါသည်။

အဖွဲ့၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်ကြောင်းသိရှိရသည်။

၁။ မြန်မာတို့၏စာပေ၊အမွေအနှစ်နှင့်သမိုင်းဆိုင်ရာအထောက်အထားများ ထိန်းသိမ်းရေး၊

၂။ ရှေးဟောင်း ပေ၊ပုရပုံ နှင့် လက်ရေးစာများပြုပြင်ထိန်းသိမ်းနည်းပညာ သင်တန်းပေးရေး၊

၃။ ပြုပြင်ထိန်းသိမ်းမှုဆိုင်ရာ ၊ လုပ်ငန်းများဆောင်ရွက်ပေးရေး၊

၄။ မြန်မာ(ဗမာ)၊ပါဠိ၊မွန်၊ရှမ်း၊ ကရင်အစရှိသော တိုင်းရင်းသားဘာသာစကားအသီးသီးနှင့် ရေးသားထားသောပေ၊ ပုရပိုက်နှင့် လက်ရေးစာများပြုပြင် ထိန်းသိမ်းရေး၊

အဖွဲ့၏ ပထမလုပ်ငန်းစဉ်အဖြစ်၊ ရှေးဟောင်းပေ၊ပုရပိုက်နှင့်လက်ရေးစာများ ပြုပြင် ထိန်းသိမ်းရေး သင်တန်းကို ၊ တက္ကသိုလ်များ၊ ဗဟိုစာကြည့်တိုက်တွင် ၅-၁၂-၉၄ မှ ၁၆-၁၂-၉၄ နေ့အထိဖွင့်လှစ်သင်ကြားပေးခဲ့ပါသည်။ ဌာနပေါင်းစုံမှ သင်တန်းသား(၃၂)ဦးတက်ရောက်ခဲ့ပါသည်။

အဖွဲ့၏ ဒုတိယလုပ်ငန်းစဉ်အဖြစ် သင်တန်းသားများသည်၊ မန္တလေးတိုင်း၊ စစ်ကိုင်းတိုင်းနှင့်မကွေးတိုင်းအတွင်းရှိ စာကြည့်တိုက်၊ ပြတိုက်၊ ဘုန်းတော်ကြီးကျောင်းနှင့်ပုဂ္ဂလိကပိုင်ပေ၊ပုရပိုက်များကို ရေ့ပြေးစာရင်းကောက်(INVENTORY) ယူရန် စနစ်တကျ ထားသိုသိမ်းဆည်းနည်းစောင့်ရှောက်နည်းစသည်တို့ကို ဆင့်ပွားပညာဖြန့်ဖြူးရန် ဖြစ်သည်။

စာရင်းကောက်ယူပြီးသော ပေ၊ ပုရပိုက်နှင့် လက်ရေးစာများကို သိမ်းယူရန်မဟုတ်ဘဲ၊သက်ဆိုင်ရာဒေသရှိ နေရာတွင်သာဆက်လက်ထားရှိပြီး၊ကောက်ယူရရှိသောစာရင်းများကိုသာ၊ကွန်ပျူတာဖြင့် စာရင်းသွင်းကာ ၊ စုပေါင်းကတ်တလောက် (UNION CATALOGUE) ပြုစုရန် ရည်ရွယ်ထားကြောင်း သိရှိရပါသည်။

**ဦးဖေသိန်း**
**တက္ကသိုလ်များသမိုင်းသုတေသနဌာန။**

---

## ကွန်ပျူတာမှတစ်ဆင့် စာအုပ်များငှားရမ်းနိုင်မည်

စင်ကာပူ မတ် ၂၈

စင်ကာပူနိုင်ငံသည်ဆက်သွယ်ရေးလုပ်ငန်း၌ တစ်ဆင့်တက်လှမ်းမှုအဖြစ် အမျိုးသား စာကြည့်တိုက်ရှိ စာအုပ်စာတမ်း သတင်းအချက်အလက်များကို ကွန်ပျူတာမှတစ်ဆင့် နေအိမ်တွင်းမှပင် ဖတ်ရှုလေ့လာနိုင်မည့်အစီအစဉ်တစ်ရပ်ကို တနင်္လာနေ့က စတင် ဆောင်ရွက်ကြောင်း အေပီ သတင်းဌာနက ဖော်ပြသည်။

အစီအစဉ်အရ စာသင်ကျောင်း၊ နေအိမ်နှင့်ရုံးခန်းများမှပင်နေရာမရွေး ကွန် ျူတာများကိုအသုံးပြုလျက် စာကြည့်တိုက်များရှိ ကက်တလောက်၊ သီးသန့်စာအုပ်၊ စာအုပ်ငှားရမ်းမှု စိစစ်ခြင်း၊ အသစ်ငှားရမ်းခြင်းနှင့် အိမ်ပို့ရန်အတွက်အကူအညီတောင်းခံခြင်းတို့ကို ဆောင်ရွက်နိုင်မည်ဖြစ်သည်။

အမ်အင်အေ၊ အေပီ။
မြန်မာ့အလင်း
30/ 3/ 95

# စာကြည့်တိုက်မှူး နှင့် ပညာရှင်

တင်ဝင်းရည်

စာကြည့်တိုက်မှူးဆိုသည်မှာ မိမိဆည်းပူးထားသော စာကြည့်တိုက်ပညာနှင့် ဗဟုသုတကို အသုံးချ၍ စာကြည့်တိုက်ရှိစာအုပ်စာတမ်းများဖြင့် စာကြည့်တိုက်သို့ လာရောက် ပညာရှာသူများနှင့် ပညာရှင်များ၏ လိုအင်များကို ဖြည့်ဆည်းပေးနေသူများ ဖြစ်သည်။

တင်နည်းအားဖြင့် ဆရာဇော်ဂျီ၏ ဆောင်ပုဒ်ဖြင့် စာကြည့်တိုက်မှူး၏ အဓိပ္ပါယ်၊ စာကြည့်တိုက်မှူး၏အလုပ်ကို ရိုးရိုးရှင်းရှင်း အဓိပ္ပါယ်ဖော်ဆောင်၍ရနိုင်ပါသည်။ ၄င်းမှာ "ပညာရှာသူ တို့ဝိုင်းကူ" ဟူ၍ ဖြစ်ပါသည်။

ပညာရှင်ဟူသည်မှာပညာတစ်ခုခုကို လေ့လာလိုက်စား၍ ကျွမ်းကျင်တတ်မြောက်သူကိုဆိုလိုပါသည်။ ထိုပညာရှင်သည်သူ၏ ပညာရပ်တွင် ပိုမိုပြည့်ဝခိုင်မာစေရန် ထပ်မံဖြည့်ဆည်းနေရပါသည်။ ထိုအခါသူသည် ပညာရပ်များသိမ်းရာ စာအုပ်စုဆောင်းထားရှိသော စာကြည့်တိုက်သို့ မလွဲမသွေရောက်လာရပါသည်။ စာကြည့်တိုက်မှူးနှင့်ဆက်ဆံရပါသည်။

စာကြည့်တိုက်မှူးကစာရှာသူအလိုရှိသော စာအုပ်စာတမ်းများကို ရှာဖွေပေးရပါသည်။ တစ်ခါတစ်ရံစာရှာသူ လိုချင်သော မည်သည့်စာအုပ်တွင်ပါမည်ဟုစာရှာသူကိုယ်တိုင်မသိသော အချက်အလက်ကို နှိုက်ချွတ်ဖွေရှာပေးရပါသည်။ထိုအခါစာရှာသူက အလွန်ကျေးဇူးတင်ပြီး စာကြည့်တိုက်မှူးက ကြည်နူးရပါ၏။ ဤကားစာကြည့်တိုက်မှူးနှင့်ပညာရှင်တို့၏ တစ်ဦးကိုတစ်ဦးလေးစားသော၊ ကောင်းမွန်သော ဆက်ဆံရေး ဖြစ်ပါသည်။ တစ်ခါတစ်ရံ၌ကား ထိုသို့မဟုတ်။

စာရှာသူ အလိုရှိသောစာအုပ်ကိုစာကြည့်တိုက်မှူးကရှာဖွေမပေးနိုင်ပါ။ ယခင်အခါများက ထိုစာအုပ်ကို ထိုစာကြည့်တိုက်တွင် တွေ့ခဲ့ပြီးဖြစ်သည်။ ငှားထား၊ မထားဆိုသည်ကလည်းမရေရာ။တန်ဖိုးကြီးသောအချိန်များစွာပေးပြီးစောင့်သော်လည်း စာအုပ်ကိုမတွေ့ခဲ့ရပါ။ ပညာရှင်စိတ်ညစ်ရ၏။

တစ်ခါတစ်ရံ...ပညာရှင်အလိုရှိသောစာအုပ်ကိုတွေ့ပါ၏။ ဤကား ရှားပါးစာအုပ်ဖြစ်၍မငှားနိုင်ပါ။ သို့သော်ပညာရှင်အတွက် အလွန်အရေးကြီးနေသော စာအုပ်ဖြစ်၍ ခေတ္တငှားရမ်းပါရန် ပန်ကြားသည်။ စာကြည့်တိုက်မှူးက အထူးခွင့်ပြုချက်ဖြင့် စာကြည့်တိုက် လုပ်ထုံးလုပ်နည်းနှင့် အညီ (လိုအပ်သောစာရွက်စာတမ်းများဖြင့်) တစ်ပတ်ငှားပေးလိုက်၏။ သို့သော်တစ်ပတ်ပြည့်သောနေ့တွင် စာအုပ်ပြန်ရောက် မလာပါ။ နှစ်ပတ်ကြာသောအခါလည်း မပေါ်လာပါ။ စာကြည့်တိုက်မှူးစိတ်ညစ်ရပြီ။ ဗျာများရပါတော့သည်။

တစ်ခါတစ်ရံ ... ရှားပါးစာအုပ်ကို ပညာရှင်က အလွန့်အလွန်လိုအပ်၍ ခေတ္တငှားရမ်းခွင့်ပြုရန် တောင်းခံသည်။ အတွေ့အကြုံရှိသောစာကြည့်တိုက်မှူးကလည်းလုံးဝမငှားနိုင်ပါ။ စာအုပ်ကြီးအတိုင်း၊ တစ်ပြားမှ မလျော့တော့။ အကြိမ်ကြိမ် ပန်ကြားသော်လည်း၊ မရသောအခါပညာရှင်စိတ်ဆိုးပြီ။

"ဒီစာအုပ်တွေ ငါတို့မငှားရင်ဘယ်သူငှားဖတ်မှာမို့လဲ၊စာကြည့်တိုက်မှာဖုံတက်၊ မှိုတက်နေမဲ့အစား ပညာရပ်ဆိုင်ရာ လေ့လာလိုက်စားသူတွေကို ငှားလိုက်ရင် အကျိုးမရှိပေဘူးလား။"

"နိုင်ငံခြားဆို စကားတစ်ခုကို ဒီစာကြည့်တိုက်မှူးတွေ မကြားကြဖူးလား။ စာအုပ်ဟာ ဘယ်သူမှမဖတ်ဘဲ စာအုပ်စင်ပေါ်မှာ ရှိနေတာထက်၊ တစ်ဦးတစ်ယောက် ငှားဖတ်ပြီးပျောက်သွားတာကပိုပြီးအဓိပ္ပါယ်ရှိသတဲ့။" ထိုကဲ့သို့စာကြည့်တိုက်မှူးနှင့်ပညာရှင်တို့ကြား နားလည်မှုလွဲမှား၍ ကွဲပြားခဲ့ရသည်များ တစ်ခါတစ်ရံ ရှိတတ်ပါသည်။

ပညာရှင်ဖက်က အမြင်ကလည်းမမှားပါ။ စာကြည့်တိုက်မှူးစေတနာကလည်း မမှားပါ။ဒီစာအုပ်ကို ဒီလူတစ်ယောက်တည်း ကြည့်ချင်သည် မဟုတ်ပါ။ တစ်ချိန်ချိန်မှာ တစ်စုံတစ်ယောက်က တစ်စုံတစ်ခုသော အကြောင်းဖြင့် ကြည့်ချင်ဖတ်ချင်၊အသုံးပြုချင်ဦးမည်။ ဒီလို ခေတ်အဆက်ဆက်နှစ်ပေါင်းများစွာ ထိန်းသိမ်းစောင့်ရှောက်ခဲ့ကြ၍ပညာရှင်အများသုံးစွဲနိုင်ကြသည် မဟုတ်ပါလော။

ပညာရှင်နှင့်စာကြည့်တိုက်မှူးကြားတွင် ကန့်လန့်ကာပါးပါးလေး ခြားပါသည်။ ပညာရည်ပြည့်ဝနေသော စာကြည့်တိုက်မှူးများကိုကား ပြောဖွယ်မရှိပါ။ ပညာရှင်များကိုလည်း လေးစားနားလည်၍ ပညာရှင်များကလည်း လေးစားချစ်ခင် : ၊းကိုးအားထားပြုရသော၊ ပညာရပ်တော်တော်များများကို တီးမိခေါက်မိရုံသာမက ထဲထဲဝင်ဝင် ဆွေးနွေးလမ်းညွှန်နိုင်သော စာကြည့်တိုက်မှူးကြီးများ သက်ရှိထင်ရှား ရှိပါသည်။ လက်ချိုးရေလျှင်လက်တစ်ဖက်ပင်မပြည့်သည်ကတော့ တန်ဖိုးရှိသောပုဂ္ဂိုလ်ဟူသည် မည်သည့်နယ်ပယ်မှာဘဲဖြစ်ဖြစ် ရှားပါးမြဲဓမ္မတာပင် မဟုတ်ပါလော။

မျိုးဆက်သစ် စာကြည့်တိုက်မှူးတို့အဖို့မှာကား ပညာဖြင့်အလုပ်အကျွေးပြုရာဝယ် မိမိတို့လုပ်ငန်းသည်အများနှင့်ဆက်ဆံရသော လုပ်ငန်းဖြစ်၍ စိတ်ရှည်သည်းခံရန်လိုအပ်ပါသည်။ မိမိထံမှစာအုပ်ငှားရမ်းသူကိုပြန်မပေးမည့်သူ၊ စည်းပျက်ကမ်းပျက်ဟူ၍လည်း ကြိုတင်သံသယဖြင့် မမောက်မာသင့်ပါ။ သူ့အတွက်လည်းအကျိုးရှိ၊ စည်းကမ်းတကျလည်းဖြစ်အောင်စည်းရုံးရပေလိမ့်မည်။ မိမိတို့သည် (စိတ်မတိုတတ်လျှင်) အလိုလိုကုသိုလ်ရနေသော အသက်မွေးဝမ်းကျောင်းမှုကို ရွေးချယ်ခဲ့ကြပြီးသော ကံထူးရှင်များ မဟုတ်ပါလား။

လူမျိုးတိုင်း နှစ်သက်လက်ခံနိုင်သော၊ ဗုဒ္ဓဘာသာဝင်တို့၏ အခြေခံလက်စွဲဖြစ်သောငါးပါးသီလမှဒုတိယကံကိုကာယကံမြောက်ကျူးလွန်ရန် ရည်ရွယ်သည်မဟုတ်ဘဲလျက်၊ မေ့တတ်ကြသောပညာရှင်ကြီးများ၊ ပညာရှင်လေးများအတွက်တော့ စာကြည့်တိုက်ပိုင်စာအုပ်တိုင်းတွင် စာတမ်းလေးတစ်ခုစီကပ် ပေးလိုက်ချင်ပါသည်။

"ဖတ်ပါ၊ငှားပါ၊ပြန်အပ်ပါ" ဟူ၍။

# NATIONAL LIBRARY STATISTICS

| S.N | Year | Number of Visitors | No. of Books and Magazines Lent by the Library | Accession (Volumes) | | | |
|---|---|---|---|---|---|---|---|
| | | | | Books | | Magazines and Journals | |
| | | | | Myanmar | English | Myanmar | English |
| (1) | (2) | (3) | (4) | (5) | (6) | (7) | (8) |
| 1. | 1984 | 857 | 990 | 2341 | 227 | 2347 | 367 |
| 2. | 1985 | 27808 | 17119 | 2660 | 156 | 2562 | 358 |
| 3. | 1986 | 26359 | 22672 | 2694 | 770 | 2691 | 450 |
| 4. | 1987 | 25433 | 25171 | 1679 | 1230 | 2735 | 436 |
| 5. | 1988 | 15373 | 15666 | 1927 | 621 | 1738 | 373 |
| 6. | 1989 | 19367 | 16484 | 2870 | 542 | 1698 | 371 |
| 7. | 1990 | 10923 | 19790 | 2905 | 579 | 2040 | 856 |
| 8. | 1991 | 10028 | 19064 | 2940 | 361 | 2365 | 725 |
| 9. | 1992 | 11065 | 28437 | 3681 | 519 | 5064 | 2169 |
| 10. | 1993 | 14081 | 23814 | 3879 | 353 | 6346 | 1938 |

Source: National Library.

# ACTIVITIES OF THE SARPAY BEIKMAN PUBLIC LIBRARY

| S.N | Year | Number of Borrowers | Books Circulated | Accession | |
|---|---|---|---|---|---|
| | | | | Myanmar Books | English Books |
| (1) | (2) | (3) | (4) | (5) | (6) |
| 1. | 1984 | 4461 | 62157 | 1800 | 358 |
| 2. | 1985 | 4785 | 53474 | 1588 | 10 |
| 3. | 1986 | 5060 | 44205 | 1938 | 145 |
| 4. | 1987 | 5459 | 56467 | 1770 | 20 |
| 5. | 1988 | 5751 | 40040 | 1413 | - |
| 6. | 1989 | 6107 | 44945 | 2200 | 63 |
| 7. | 1990 | 6599 | 67862 | 3011 | 28 |
| 8. | 1991 | 7204 | 66510 | 3055 | 63 |
| 9. | 1992 | 7659 | 53246 | 6224 | 62 |
| 10. | 1993 | 8583 | 66084 | 3746 | 277 |

Source: Sarpay Beikman Public library.

**[ From-Statistical YEARBOOK., 1993]**


**မဟာဆွေစာပေါင်းချုပ် (ပထမတွဲ)**

နိုင်ငံခြားစက္ကူ၊ မဂ္ဂဇင်းဆိုက်၊ (၁၃၀)ကျပ်။

**ရှု- ဒေါထာ၏အတ္တကထာ (ဒေါထာ၏မိမိအကြောင်း)**

လုံးချင်းဝတ္ထုသစ်၊ စက္ကူချော၊ စာမျက်နှာ(၅၀၀)ကျော်။ (၁၅၀)ကျပ်။

**အထက်မြန်မာပြည်ဖြန့်ချီရေး နဂါးစာပေ၊ မန္တလေးမြို့။**

**ဝါမိုးအောင်စာပေ**

၅၀/၄၃လမ်း၊ ရန်ကုန်မြို့။ ဖုန်း- ၀၁- ၉၅၉၈၈

**နယ်စာအုပ်ဆိုင်များ၊ တစ်ဦးချင်း မှာယူလိုသူများ အမှာစာပေးပို့**

**မှာယူနိုင်ပါသည်။ အမှာစာအရသာ ပေးပို့ပါမည်။**

# ၁၉၉၄ ခုနှစ်အတွင်းနိုင်ငံခြားဘာသာမှ
# မြန်မာဘာသာသို့ပြန်ဆိုရေးသားသောစာအုပ်များစာရင်း

| စဉ် | စာအုပ်အမည် | မူရင်းစာအုပ်အမည် | ရေးသူ | ဘာသာပြန်သူ |
|---|---|---|---|---|
| ၁ | ကလိန်စေ့ဥက်ဆင် (ပ+၃) | TELL IT TO THE BIRDS | James Hadley Chase | ဝင်းမြင့်အောင် |
| ၂ | ကမ္ဘာရန် (ပ+၃+တ) | KANE & ABEL | Jeffrey Archer | မောင်ပေါ်ထွန်း |
| ၃ | ကိုယ်ပေါင်းစိတ်ခွာ | DARK SIDE OF THE | Jack Higgins | ချစ်ဝင်းညွန့် |
| | | STREET | | |
| ၄ | ကျားနက် (ပ+၃) | PANTHERS'MOON | Victor Canning | ဆွေမြင့် |
| ၅ | ကျဉ်းထဲကျပ်ထဲ | THE DESPERATE HOURS | Joseph Hayes | ခင်ဂ ဝဲဝန်း |
| ၆ | ကျည်တစ်တောင့်လူတစ်ယောက် | THE THINGS MEN DO | James Hadley Chase | အောင်ဖြိုးဝေ |
| ၇ | ချစ်ကြွေးမပြေ | DOBROVSKY | Alexander Pushkin | မောင်ထွန်းသူ |
| ၈ | ချစ်တတ်ပါတယ်တိုမိကို | FLIGHT FROM ASHIYA | Elliolt Arnols | ခင်ဇော်ဝန်း |
| ၉ | ချစ်သမီးထံသို့ | LETTERS FROM A | J. Nehru | ပါရဂူ |
| | | FATHER TO HIS | | |
| | | DAUGHTER | | |
| ၁၀ | ချစ်သောမာယာ | CAPTAIN'S DAUGHTER | Alexander Pushkin | မောင်ထွန်းသူ |
| ၁၁ | ခြေဦးတည့်ရာ | WANDERING JEWISH | Hermann Hesse | နိုင်ဇော် |
| ၁၂ | ဂျူးဝတ္ထုတိုများ | SHORT STORIES | | မောင်မောင်ညို |
| ၁၃ | ငတေမာရင်ပြီးရော (ပ+၃) | THE WAY THE COOKIE | James Hadley Chase | ဝင်းမြင့်မောင် |
| | | CRUMBLES | | |
| ၁၄ | ငရဲလမ်းမှလွတ်လမ်းရှာ | THIRTEEN FOR | Peter Buck | ဝင်းမြင့်အောင် |
| | | THE KILL | | |
| ၁၅ | ငါ့အိမ်ငါ့ယာငါ့ကမ္ဘာ | WINDMILLS OF | Sidney Sheldon | မောင်ထွန်းသူ |
| | | THE GODS | | |
| ၁၆ | စီးပွားရေးနှင့်စစ်ဗျူဟာ | BUSINESS AND WAR | Dr. Wee Chow Hou | နန္ဒာသိန်းဇံ |
| ၁၇ | စောလမွန်သီချင်း | SONG OF SONGS | Solomon | နိုင်ဇော် |
| ၁၈ | စည်းအပြင်ကလူ | OUTSIDER | Albert Camus | ထင်လင်း |
| ၁၉ | စိတ်ထားဝတိ (ပ+၃) | UP FROM SALVERY | Booker T. | မောင်ထွန်းသူ |
| | | | Washington | |
| ၂၀ | စွန့်လွှတ်ခြင်းများစွာဖြင့်(ပ+၃) | HANOVER STREET | Maureen Gregson | မြတ်ငြိမ်း |
| ၂၁ | ဆေးလာတု(သ်)စစ်ဆင်ရေး | SABRE-TOOTH | Peter O'Donnell | ဆွေမြင့် |
| ၂၂ | ဆင့်ကုန်သည် (ပ+၃) | ELEPHANT SONG | Wilbur Smith | မောင်ထွန်းသူ |
| ၂၃ | ၂၇ | 27 | Willian Diehe | ဇင်လူ |
| ၂၄ | တို့ပိုင်တဲ့မြေ | OF MICE AND MEN | John Steinbeck | ထွန်းသူ |
| ၂၅ | ထောင်ချောက် (ပ+၃) | TRAP FOR | Sebastien Japrisot | ဆွေမြင့် |
| | | CINDERELLA | | |

| စဉ် | စာအုပ်အမည် | မူရင်းစာအုပ်အမည် | ရေးသူ | ဘာသာပြန်သူ |
|---|---|---|---|---|
| ၂၆ | ပင်လယ်ပျော်စင်ရော် | JOHNATHAN | Richard Beach | ထင်လင်း |
| | | LIVING STONE SEAGULL | | |
| ၂၇ | ပြေးနိုင်သလောက်ပြေး | NICK CARTER | Vatican Vendetta | ထွန်းလင်း |
| ၂၈ | ဖောက်လွှဲဖောက်ပြန် (ပ+၃) | ALL AROUND THE TOWN | Mary Higgins Clark | စိုးသိဏ်း |
| ၂၉ | ဘဝရိုင်း (ပ+၃+တ) | A STONE FOR DANNY | Harold Robin | မြတ်ငြိမ်း |
| | | FISHER | | |
| ၃၀ | ဘိုးဘိုးပြောသောဘဝ | PLAIN STORIES | A Grand Pa, | စိုးဝင်း |
| | ရသနှင့်ဘဝအလှ | | Park Tung-ki | |
| ၃၁ | ဘယ်သူသေသေမာချင်သည့် | THE PIRATES | Har[illegible] Robbins | အထောက်တော် |
| | ငတေ | | | လှအောင် |
| ၃၂ | မလိမ့်တပတ် (ပ+၃) | THE WINTER SPY | Paul Henissart | ဇင်သန့် |
| ၃၃ | မီလျှံနာ၏ဘဝဝက်ဘာ(ပ+၃) | END OF A MILLIONAIRE | P.D Ballard | ဇော်ထက် |
| ၃၄ | မီးလျှံပန်း | BURNING BRIGHT | John Steinbeck | ထင်လင်း |
| ၃၅ | မူးယစ်ဆေးဝါး | THE WAR OF DRUGS | Jame A. Inciardi | စိမ်းလဲ့ညို |
| | တိုက်ဖျက်ရေးစစ်ပွဲ | | | |
| ၃၆ | မေ့မရပြီ (ပ+၃) | HARMFUL INTENT | Robin Cook | ဇင်သန့် |
| ၃၇ | မေတ္တာရှင်မလေးပေါ်လီယာနာ | POLLYANNA | Eleanor H Porter | ထင်လင်း |
| ၃၈ | မိစ္ဆာမီးလျှံ (ပ+၃+တ+စ) | THE COVENANT OF | David Morrell | စိုးသိဏ်း |
| | | THE FLAME | | |
| ၃၉ | ရေအောက်ရန်သူ | THE ENEMY | D.A.Rayner | ဇော်ဝန်း |
| | | BELOW, COMMANDER | | |
| ၄၀ | ရမ္မက်မီးလျှံ (ပ+၃) | A STRANGER | Sindny Sheldon | နိုင်ဦး |
| | | IN THE MIRROR | | |
| ၄၁ | လျှို့ဝှက်ရင်ဖို | THE IVY TREE | Mary Stewart | ခင်ဇော်ဝန်း |
| ၄၂ | သမုဒ္ဒယဓေကရီ (ပ+၃) | ANGEL EYES | Eric Van Lusbader | ဇင်သန့် |
| ၄၃ | သံမဏိလိပ်ပြာ (ပ+၃+တ) | THE STARS SHINE | Sidney Sheldon | စိုးသိဏ်း |
| | | DOWN | | |
| ၄၄ | သွေးအသက်နှင့် | THE KEYS OF HELL | Jack Higgins | ထွန်းလင်း |
| | လှည့်ကွက်မာယာ | | | |
| ၄၅ | အကောင်းဆုံးအရောင်းသမား | THE SURE WAY | Robert Ottaway | နေမင်းရာဇာ |
| | | TO SUCCESSFUL | | |
| | | SELLING | | |
| ၄၆ | အချစ်နှောင်ထုံးစစ်တောင်ကုန်း | THE ANGRY HILLS | Leon Uris | လင်းယုန်မောင်မောင် |
| ၄၇ | အတိတ်ရန်ငြိုး (ပ+၃) | COMES THE DARK | Harry Palterson | ဇော်ထက် |
| | | STRANGER | | |
| ၄၈ | အရိပ်မဲ့လူသတ်သမား | DEATH SENTENCE | Brian Garfield | ဝင်းမြင့်အောင် |

| စဉ် | စာအုပ်အမည် | မူရင်းစာအုပ်အမည် | ရေးသူ | ဘာသာပြန်သူ |
|---|---|---|---|---|
| ၄၉ | အလန်ကွာတာမိန်း | KING SOLOMON'S MINES | Sir H.Rider | ဌေးမောင် |
| | နှင့်စောလမွန်သိုက် | | Haggard | |
| ၅၀ | အသက်သွေးကိုစတေး၍ | RETREAT FOR DEATH | Nick Carter | ဌေးမောင် |
| ၅၁ | ဤမာန | THIS PROUD HEART | Pearl S.Buck | ကြည်အေး |
| ၅၂ | အိုမာရ်ခိုက်ယမ်းရဲ့ရုဘိုက်ယတ် | RUBAIYAT OF | | မောင်သာနိုး |
| | | OMAR KHAYYAM | | |
| ၅၃ | အက်ဖ်ဘီအိုင် | MURDER AT FBI | Margaret Truman | ဝင်းမြင့်အောင် |
| | လူသတ်သမား (ပ+၃) | | | |
| ၅၄ | အောင်မြင်မှုပန်းတိုင် | BIGGEST MISTAKE | Harold S.Kusiner | မြတ်ငြိမ်း |
| | ဖြူစင်သောလျှို့ဝှက်လမ်းနှင့် | EVER MADE | | |
| | ရှုပ်ကြွယ်အလင်းစု | | | |
| ၅၅ | အိမ်မက်တောင်ကြား | THE CANYON | Jack Schaefer | မောင်ထွန်းသူ |
| | | | | ပြုစုသူ-နုနု(စာပေဗိမာန်) |
| | | | | |

## စာကြည့်တိုက်သတင်း

၂၆-၁၁-၉၄

ကမာရွတ်မြို့နယ်၊ ဝဋ္ဋိရပ်ကွက်၊ အမှတ်(၇) အခြေခံပညာမူလတန်းကျောင်း၊ကလေးစာကြည့်တိုက် ဖွင့်ပွဲကို၊ ကျောင်းသားကလေးတစ်ဦးက ဖဲကြိုးဖြတ်၍ ဖွင့်လှစ်သည်။

၅-၁၂-၉၄

ဖြူးမြို့မိတ်ဆွေများစာကြည့်တိုက်၊ကဗျာ၊ ဝတ္ထုတို၊ကာတွန်းဆုပေးပွဲနှင့် စာပေဟောပြော ပွဲကို ရန်ကုန်၊ဝိုင်အမ်စီအေ အသင်းတိုက်၌ကျင်းပရာ၊ စာရေးဆရာကြီးဦးတက်တိုး၊ ကဗျာဆရာမကြီး ဒေါ်နယဉ်၊တက္ကသိုလ်နေဝင်း၊ ကာတွန်းဆရာကြီး ဦးဖေသိန်း၊ မောင်သာရ၊ မောင်သာနိုး၊ ဘကြီးမိုး၊ခင်ဆွေဦး၊စသောစာရေးဆရာ၊ စာရေးဆရာမများနှင့် ကာတွန်းဆရာများတက်ရောက်ကြသည်။ ဆရာကြီး ဦးမြသန်းတင့်နှင့် ဆရာမောင်စွမ်းရည်တို့က စာကြည့်တိုက်အကြောင်း၊ စာပေအကြောင်းတို့ကို ဟောပြောကြသည်။

၃-၁၂-၉၄ စစ်ကိုင်းမြို့၊ပိုးတန်းရပ်၊ အခြေခံပညာမူလတန်းကျောင်း၊ သုတတန်ဆောင် ကျောင်းစာကြည့်တိုက်ကိုစစ်ကိုင်းမြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌဒေါ်ကြူကြူသင်းကဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးပြီးဆက်လက်၍ပုံပြောပြိုင်ပွဲ၊ကဗျာရွတ်ဆိုပြိုင်ပွဲများကျင်းပသည်။

၁၃-၁-၉၅ ပျဉ်းမနားမြို့နယ်၊ဇီးဖြူပင်ကျေးရွာအုပ်စု၊သစ်ဆိမ့်ပင်(အရှေ့)ကျေးရွာ၊ အမှတ်(၁၃၆) အခြေခံပညာမူလတန်းကျောင်း၊ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲကျင်းပသည်။

၂၂-၂-၉၅ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန စာကြည့်တိုက်ပညာသင်တန်းအမှတ်စဉ်(၇) ဖွင့်လှစ်သည်။

၂၆-၂-၉၅ "ပခုက္ကူဦးအုံးဖေ၊စာပေဆု"အလှူ့ရှင် ဦးအုံးဖေက၊ မြေနေရာ၊ အဆောက်အအုံနှင့် ပရိဘောဂ တန်ဖိုးငွေ၄၂ သိန်းကျော်နှင့်စာကြည့်တိုက်ရန်ပုံငွေ(၉၀၁၂၇၉)ကျပ်ကို လှူဒါန်း၍ ဆောက်လုပ်သော ပခုက္ကူဦးအုံးဖေ စာကြည့်တိုက်ဖွင့်ပွဲကို ပခုက္ကူမြို့၊အမှတ်၁၀-ရပ်ကွက် ဗိုလ်ချုပ်လမ်း၌ ကျင်းပပြုလုပ်သည်။

## The Myanmar Library Association.

The Myanmar Library Association is Myanmar's professional body in library and information services. It was founded in 1990 and granted its registration in 1992. The Association works on behalf of its members and library users to protect and maintain the standard of library provision in all areas and sectors. It now has over one hundered and fifty members and it seeks to ensure that libraries are managed by those trained to do so that is by professionally qualified librarians.

It is non-governmental organization and it is the source of information and unrestricted access to the country's treasure house of culture and information. The Association sponsor and help organize lectures for members from visiting professional librarians from abroad. Last November, Dr. Edna Reed, an American specialist in Library Automation from Rugers University who is currently teaching at Nanyang Technological University in Singapore, paid a visit to Myanmar and gave a lecture on 'How to prepare for library automation' to the members of the Association.

Since it is a newly organized association professional library staff all over the country are encouraged to join the Association. The Association's headquarters at present is at the Institute of Education on Pyay Road in Yangon.

**U Tin Maung Lwin**
**Secretary**
**Myanmar Library Association**

## LIBRARIANS CONFERENCE TO BE HUGE

**by Chem Chunmei**

CHINA is going all out to prepare for a library conference that is expected to be the largest the world has seen.

The 62nd conference of the International Federation of Library Associations and Institutions, to be held in Beijing in 1996, is expected to attract 3,000 experts from 100 countries and regions.

A circular sent to provincial cultural departments this week stressed the significance of the event, which is already being carefully prepared.

The conference's organizing committee, formed in September, is headed by Luo Gan, State Councillor and Secretary-General of the State Council, and Lin Zhongde, Minister of Culture.

The committee plans to raise funds, solicit papers for the conference and widely publicize the event.

The theme of the conference will be The Challange of Reform: Libraries and Economic Reform.

The library federation, set up in 1927, has 1,310 members, affiliates and consultative organizations in more than 140 countries and regions. China is one of the 15 sponsoring countires.

China is currently home to more than 2,600 public libraries across the country, compared with only five 45 years ago when the People's Republic was established.

The Beijing library is the fifth largest library in the world.

**FROM CHINA DIALY**
**FRIDAY NOVEMBER 18, 1994.**
**PAGE 7**

## MAGIC OF COMPUTERS IN LIBRARIES

Nowadays libraries are utilising computers and computers have become part and parcel of modern library system. Cataloguing and classification of books and periodicals could be done easily by using specific softwares.

Gone are the days of librarians spending laborious time on cataloguing and classification of books. Also gone are the long rows of catalogue cabinets which occupy much space. In a computerised library the librarian need not flip through the pages of Dewey Decimal Classification System in academic libraries or library of Congress Classification System in medical libraries and Harmonius System in trade libraries. The desired classification system could be installed by a programmer. What a librarian needs to use appropriate keys and a proper classification number will be assigned to a particular book automatically.

There are many things computer can do apart from cataloguing and classification. Reminders to readers to return overdue books could be typed and printed in no time.List of books ordered and received from publishers.list of books lost by readers etc. could be stored and retrieved in a short time. Monthly Accession list could be compiled by computer. From monthly Accession List Quarterly or Annual Accession List could be accumulated easily. A patron can search a book by Author, Title or Subject just as he would search in a card-catalogue. In short any kind of information pertaining to library work could be stored and retrieved in a short time.

Computers could be used as P.C ( Personal Computer ) i.e. a person can use the computer independantly. Or.it could be used as a Network. Network within a building or within a same compound is called Local Area Network ( LAN ). For instance the University Library can link its computer with the computer in departmental libraries on same campus by cables. By doing so the departmental libriaries would have access to the information stored in Main File Server in University Library and vice verse. provided agreements and arrangements should be made before hand. If the information is to be restricted passwords may be assigned to specific persons in the departmental libraries who would be permited to monitor the computers.

The above-mentioned are some of the functions of a computer and it is no wonder that a computer can perform magic in a library so long as there is a constant flow of electricity in the library.

Maung Maung
Librarian ( Retired )
University of Mandalay

မြန်မာနိုင်ငံ စာကြည့်တိုက်အသင်းဝင်များအတွက်
သတင်းလွှာအဖွဲ့ က စီစဉ်၍ ကန့်သတ်ထုတ်ဝေသည်။

MM 9700002
MYANMAR LIBRARY ASSOCIATION NE
April 19
MM9700002



## "The Two Union Catalogues of Myanmar"

By HLA WIN (MSTRD)

In 1933 Indian Research Fund Association of Calcutta published a union catalogue namely "Consolidated Catalogue of Journals and the Periodicals contained in the Libraries of Kasauli, Calcutta, Bombay, Madras, Coonoor, Rangoon and Shillong." It is a soft cover book with the size of 23 cm x 14 cm and has a stitched binding; a forty-page book with 439 entries. The name of the compiler is not mentioned. Printing was done in Calcutta by W. Newman and Co. , Ltd.

It is interesting to note that although Rangoon (now Yangon) participate in the compilation, no library in Delhi existed to be taken note of.

This union catalogue seems to be the first Myanmar union catalogue of medical periodicals. It is also the first for India.

Another prominent union catalogue of Myanmar is the "The Regional Union Catalogue of Scientific Serials: Yangon." This union catalogue when it was first issued in September 1977 was known as "The Regional Union Catalogue of Scientific Serials: Rangoon " that is Rangoon in the place of Yangon.

The second printing of this union catalogue was made in October 1989. Most of the second printing copies were sent to Universities Central Library for book exchange.

The first edition is of 33.5 cm x 20.5 cm, bound in boards, 378+ viii pages, 1831 entries, subject and sponsor indexes are included. Twenty libraries participate in the compilation, with Technical Information Centre of Myanma Scientific and Technological Research Department, Ministry of No. 2 Industry taking the leading role.

Participating libraries are as follows -

(1) Agricultural Research Institute Library.
(2) Applied Geology Department Library.
(3) Central Forest Library.
(4) Central Geoscience Library.
(5) Department of Fisheries Library.
(6) Department of Meteorology and Hydrology Library.
(7) Institute of Animal Husbandary and Veterinary Science Library.
(8) Institute of Computer Science and Technology Library.
(9) Myanma Oil Enterprise Library.
(10) Myanma Pharmaceutical Industry Library.
(11) Technical Information Centre.
(12) Universities' Central Library.
(13) Yangon Institute of Technology Library.
(14) Yangon University : Botany Department Library.
(15) Yangon University: Chemistry Department Library.
(16) Yangon University : Forestry Department Library.
(17) Yangon University : Geology Department Library.
(18) Yangon University: Mathematics Department Library.
(19) Yangon University : Physics Department Library.
(20) Yangon University : Zoology Department Library.

The second printing is of 33.2cm x 21.5cm in size, bound in boards, 379+ v pages, 1831 entries, subject and sponsor indexes are also included. It was printed in Technical Information Centre of Myanma Scientific and Technological Research Department.

A union Catalogue in the book form is more handy for users because one can have a copy at home and refer whenever needed. So let us study the art of union cataloging and union listing whenever possible and compile the masterpieces without delay.

စာကြည့်တိုက်သတင်းလွှာအတွက်
သတင်းများပေးပို့နိုင်ပါသည်။

လိပ်စာ–၁။ မြန်မာနိုင်ငံစာကြည့်တိုက်အသင်း
ပညာရေးတက္ကသိုလ်၊ ပြည်လမ်း၊ ရန်ကုန်။

၂။ စာကြည့်တိုက်မှူး၊ အမျိုးသားစာကြည့်တိုက်
ခြောက်ထပ်ရုံး၊ ရန်ကုန်။

၃။ စာကြည့်တိုက်မှူး၊ ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်
ကမာရွတ်မြို့နယ်၊ ရန်ကုန်။



# အနော်ရထာ ပိဋကတ်တိုက်

အနော်ရထာ ပိဋကတ်တိုက်သည် အလောင်းစည်သူမင်း တည်ထားကိုးကွယ်ခဲ့သော ရွှေဂုကြီး၏ အရှေ့ဘက်၊ အရှေ့မြို့ရိုးမှ ပေ၁၅၀–ကျော်အကွာ၊ သရပါတံခါးအနီးတွင် တည်ရှိ၏။

ပိဋကတ်တိုက်သည် စတုရန်းပုံဖြစ်သည်။ တစ်ဖက်လျှင် ၅၁– ပေကျယ်သည်။ အရှေ့ဘက်မျက်နှာတွင် မုခ်သုံးခုရှိသည်။ ကျန်သုံးဖက်တွင် ပြတင်းပေါက် သုံးပေါက်စီ ရှိသည်။ မြေမှငါးပေ မြင့်တင် တည်ဆောက်ထားသော သဲကျောက်ပန်းကွက် အလင်းပေါက်များဖြစ်သည်။ ထောင့်နံရံများရှိ ပြတင်းပေါက်များတွင် ခြသေ့်လည်ပြန် ပုံဖော်ထားလေသည်။

ပိဋကတ်တိုက်၏ အပေါ်ပိုင်းတွင် အမိုးခုံးလှေျာနှင့် ဘုံငါးဆင့်ရှိသည်။ ထုပိကာ တပ်ထားသည်။ အမိုးစွန်း ချင်မြိတ်တိုးများတွင်၊ထောင့်တုရင်ပန်းများဖြင့် တန်ဆာဆင်ထား၏။ ပိဋကတ်တိုက်သည် ပေ ၆၀–မြင့်သည်။

အနော်ရထာပိဋကတ်တိုက်မှ ပုဂံခေတ် ပိသုကာလက်ရာဖြစ်သော ဇာပေါက်ကျောက်ပြတင်းကို၊ပုံစံတူပြု၍တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်၏ မျက်နှာစာတွင် မှန်းမံကန်ဆာ ဆင်ထားသည်ဟု သိရသည်။

ပိဋကတ်တိုက်အတွင်းသို့ ဝင်သော် အခန်းဖွဲ့ထားသည်ကို တွေ့ရမည်။ လိုဏ်ပတ်လမ်းကိုလည်း တွေ့ရမည်ဖြစ်၏။ ထိုအဆောက်အအုံ၌ ပုဂံခေတ်လက်ရာဟူ၍ ဇာပေါက်ပြတင်း၊ အမိုးခုံးလှေျာ၊ အတွင်းခန်းပေါင်းကူးတို့သာ ရှိတော့သည်။

ဘုံငါးဆင့် အထက်ရှိ ထုပ်ကား ထောင့်တုရင်၊ မုခ်ဝင်လှေကားတို့မှာ နောင်ခေတ်လက်ရာဖြစ်သည်။ ဘိုးတော်မင်းတရား (၁၇၈၁–၁၈၁၉) လက်ထက်တွင် ပြုပြင်ခဲ့ခြင်းဖြစ်သည်။ ပုဂံခေတ် ဘုန်းကြီးကျောင်းများတွင် ရဟန်းသံဃာများ လေ့လာနိုင်ရန် ပိဋကတ်ကျမ်းစာများ၊ပိဋကတ်တိုက်များထားရှိရိုးဖြစ်သည်။

ကုသိုလ်ရှင်များသည် ဘုရားဂူကျောင်း တည်ဆောက်ကြရာတွင် ပိဋကတ်စာပေကိုလည်း ထည့်သွင်းလှူဒါန်းကြ၏။ ပေပေါ်တွင် ကညစ်နှင့် ပိဋကတ် ရေးကူးရာတွင်အကုန်အကျ မနည်းပေ။ တစ်စုံလျှင် ငွေ သုံးထောင်အထိ ကုန်ကျသည်။ပိဋကတ်အစုံကို သစ်တလားထဲတွင် ထည့်သွင်းသိမ်းဆည်းထားသည်။ ပိဋကတ်ထားရန် ကုလားကျောင်း ပြုရ၏။ ထိုကျောင်းတွင် ရွှေတလားနှင့် ပိဋကတ် ထားလေသည်။

အနော်ရထာ ပိဋကတ်တိုက်ဟူ၍ ယခုတိုင် အထင်အရှားရှိကာ ရှေးအခါက မြန်မာနိုင်ငံ ကမ္ဘည်းကျောက်စာဌာန၊ ယခုအခါ ရှေးဟောင်း သုတေသနဌာနက ထိန်းသိမ်း စောင့်ရှောက်ထားသော စာရင်းဝင် အဆောက်အအုံ၄၅–ဆူတို့တွင် တစ်ခုအပါဝင်ဖြစ်သည်။ အနော်ရထာမင်းလက်ထက်တွင် ထေရဝါဒသည် နိုင်ငံတော်ဘာသာ ဖြစ်ခဲ့လေသည်။ ပုဂံခေတ်မင်းများ ဗုဒ္ဓသာသနာကို ထွန်းကားအောင် ချီးမြှောက်ရာတွင် သီရိအနိရုဒ္ဓဒေဝခေါ် အနော်ရထာမင်းစော၏ လက်ထက်မှ အစပြု၍ ပုဂံမင်းအဆက်ဆက် သာသနာပျံ့နှံ့ခဲ့သည်မှာ အရှေ့တောင်အာရှတွင် မြန်မာနိုင်ငံသည် ဘာသာ၊ သာသနာ နေလိုလလို ထွန်းပခဲ့လေသည်။

ပိဋကတ်တိုက်ဆိုသည်မှာ ယခုခေတ်စကားဖြင့်ဆိုရလျှင် စာကြည့်တိုက်ပင်ဖြစ်သည်။ ထို့ကြောင့် ပုဂံခေတ် အနော်ရထာ ပိဋကတ်တိုက်သည် မြန်မာနိုင်ငံ၏ အစောဆုံးသော စာကြည့်တိုက်ဖြစ်ကြောင်း တင်ပြအပ်ပါသည်။

ဇော်ဇော်


<u>မြန်မာစာပေသမိုင်းတွင် သီးသန့်လုံးချင်းအဖြစ်</u>
<u>ပထမဦးဆုံးထုတ်ဝေသောစာအုပ်</u>
မင်းသုဝဏ်၊ တိုက်စိုး၊ ဦးသော်ကောင်းတို့၏အမှာစာ
စာရေးဆရာကြီး သိပ္ပံမောင်ဝ ရာပြည့်အကြို

<u>ဦးမြင့်ကြိုင် (အမျိုးသားစာကြည့်တိုက်)</u>
ပြုစုတင်ပြထားသော

<u>သိပ္ပံမောင်ဝနှင့်သူ၏တာစု</u>
ရှားပါးဓာတ်ပုံနှင့်မှုရင်းအထောက်အထားစာစုစာရင်း
စာကြည့်တိုက်တို့အတွက် မရှိမဖြစ် ရည်ညွှန်းစာအုပ်

<u>ဝါမိုးအောင်စာပေ</u> (ဖုန်း ၉၅၉၈၈၊ <u>နွန်လဖြန့်မည်</u>
၅၀၊ ၄၃ လမ်း၊ ရန်ကုန် အမှာစာပေးပို့နိုင်ပါသည်။


## ပန်း နှင့် စာပေ

ပန်းမျိုးရယ်စုံ
ငုံရာမှ ဖူး။

အချိန်တန် အရန်သင့်
လန်းပွင့်ဖို့ ဖူး။

ဖြစ်နိုင်ဆည်မှာ
စာပေနှင့် ဘဝ၊
စိတ်ကောင်း အခြေခံ၌
အတွေး အခြေခံ၌
သတိ အခြေခံ၌
အသိ အခြေခံ၌
စိတ်ကူးညာဏ် မှုမ်းမံတတ်ပါမှ
ဟပ်မိမည်ပါ။

ဇော်ဂျီ
၁၁၊ ၁၀၊ ၈၆
(ဆရာဇော်ဂျီ
နောက်ဆုံး ရေးဖွဲ့သောကဗျာ)




## ဆရာဇော်ဂျီ

## ( ၁၉၀၇ - ၁၉၉၀ )

ဆရာဇော်ဂျီ၏ စာကြည့်တိုက်ဝန်ထမ်းဘဝသည်၈၄နှစ် ဟူသောဆရာ့ဘဝ၏သက်တမ်းတွင်၂၈နှစ်ကျော်မျှရှိခဲ့၏။မန္တလေးဥပစာကောလိပ်အချိန်ပြည့်မြန်မာစာနည်းပြဆရာဘဝ (၁၉၃၆–၃၈)မှတစ်ဆင့်အင်္ဂလန်နိုင်ငံလန်ဒန်တက္ကသိုလ်၌ စာကြည့်တိုက်ပညာဒီပလိုမာအတွက် ၁၉၃၈ခုနှစ်ကုန်ပိုင်းလောက်တွင် စတင်သင်ကြားခဲ့ရာဒုတိယကမ္ဘာစစ်ကြောင့် အိုင်ယာလန်နိုင်ငံ ဒဗ္ဗလင်တက္ကသိုလ်သို့ ပြောင်းရွှေ့ သင်ကြားရပြီး ၁၉၄၀ ပြည့်နှစ်တွင်ဘွဲ့လွန်ဒီပလိုမာကို အောင်မြင် ရရှိခဲ့ပါသည်။

၁၉၄၁ခုနှစ်မှစ၍ရန်ကုန်ကောလိပ်စာကြည့်တိုက်၌ စာကြည့်တိုက်မှူးအဖြစ်စတင် အမှုထမ်းဆောင်သည်။ ထိုစဉ်က ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်မှူးမှာဆရာဦးခင်ဇော်(K)ဖြစ်သည်။ ရန်ကုန်တက္ကသိုလ်ကျောင်းတိုက်ထဲမှရန်ကုန်ကောလိပ်စာကြည့်တိုက်ဟူသည် တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူတိုင်း စာဖတ်ခွင့်၊ ငှါးခွင့်ရှိသောစာကြည့်တိုက်မျိုးဖြစ်သည်။ ဆရာဦးခင်ဇော်(K)စာကြည့်တိုက်မှူးတာဝန်ယူသော ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်ကား ဂုဏ်ထူးတန်းကျောင်းသား ကျောင်းသူများ၊တက္ကသိုလ်ဆရာ ဆရာမများသာ အသုံးပြုခွင့်ရှိသော သီးခြားအဆောက်အအုံရှိသည့် စာကြည့်တိုက်အမျိုးအစား ဖြစ်သည်။

ဒုတိယကမ္ဘာစစ်ကြီးဒဏ်ကြောင့် ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်၏ ပြာပုံနှင့် အုတ်ကျိုးအုတ်ပဲ့တွေကြားမှ စာအုပ်စာတမ်းလက်ကျန်နှင့် ရန်ကုန်ကောလိပ်စာကြည့်တိုက်မှ စာအုပ်စာတမ်းလက်ကျန်များကိုစုပေါင်းပြီး၊စစ်ပြီးစတွင်ဘီအိုစီကောလိပ်အဆောက်အအုံထဲ၌ စာကြည့်တိုက်ခေတ္တဖွင့်လှစ်ထားရှိနိုင်ရေးအတွက် အဓိကတာဝန်ယူ ထိန်းသိမ်းဆောင်ရွက်သူမှာ ဆရာဇော်ဂျီ ဖြစ်ပါသည်။ ထိုအချိန်တွင် ဆရာဦးခင်ဇော်(K)မှာ စာကြည့်တိုက်မှူးတာဝန်ကို ထမ်းဆောင်ခြင်း မရှိတော့ပေ။

ဆရာဇော်ဂျီလက်ထက်တွင်ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်သည် ဒယူဝီဒသမမျိုးတူစုစနစ်ကို စတင်အသုံးပြုပါသည်။ ယခင်စာကြည့်တိုက်မှူး ဆရာဦးခင်ဇော်(K)လက်ထက်တွင်မူ အမေရိကန်ကွန်ဂရက်စာကြည့်တိုက်မျိုးတူစနစ်ကို အသုံးပြုခဲ့သည်။ ဆရာဇော်ဂျီလက်ထက်တွင်မြန်မာစာပေ၊ စာနယ်ဇင်းအဟောင်းများနှင့် ပေပုရပိုက်လက်ရေးစာများကိုပါပြည်တွင်းပြည်ပလက်လှမ်းမီသမျှ စုဆောင်းလာနိုင်ခဲ့ပေသည်။ စာအုပ်အလှူရှင်ရှိလျှင်လက်ခံခြင်း၊ရောင်းလျှင်ဝယ်ယူခြင်း၊ မလှူမရောင်းလျှင်ပင်ငှါး၍ မိတ္တူကူးယူ ပွားထားခြင်း– . စသည်တို့ကြောင့် မြန်မာမှုအထောက်အထားများ၊စာပေစာနယ်ဇင်းများစွာသည်ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်၏ စာစုအင်အားကိုတိုးပွါးစေလျက်ဂုဏ်ရှိန် မြင့်တက်စေခဲ့ပေသည်။

ဆရာဇော်ဂျီသည် တပည့်ကောင်းစာကြည့်တိုက်မှူးများကိုလည်း ရွေးချယ်သင်ပြပေးနိုင်ခဲ့သည်။ ဆရာဦးသန်းထွတ်(တိုက်စိုး)အပါအဝင်၊ ဦးသော်ကောင်း၊ ဦးမောင်မောင်(စိုးရှိန်)၊ ဒေါ်ခင်ခင်အုန်း၊ ဒေါ်ကျော့ကျော့(နန်းကြေးမုံ) တို့ကိုဌာနအသီးသီးမှခေါ်ယူ၍ စာကြည့်တိုက်ပညာတော်သင်အဖြစ် နိုင်ငံခြားသို့စေလွှတ်နိုင်သည်အထိ ဦးဆောင်စီစဉ်ခဲ့သူလည်းဖြစ်ပေသည်။ ယနေ့ရန်ကုန်တက္ကသိုလ်စာကြည့်တိုက် ပညာဌာနပေါ်လာရရေးအတွက် စာကြည့်တိုက်ပညာ ဘွဲ့လွန်ဒီပလိုမာသင်တန်းဖြစ်မြောက်အောင် နိုးဆော်ခဲ့သူများထဲတွင်လည်းဆရာဇော်ဂျီသည် အထင်ကရပါဝင်ခဲ့သူဆရာကြီးတစ်ဦး ဖြစ်ခဲ့ပေသည်။

ဆရာဇော်ဂျီသည် မြန်မာစာပေတိုးတက်ခေတ်မီရေးနှင့် စာကြည့်တိုက်များအခန်းကဏ္ဍတိုးတက် ခေတ်မီရေးတို့ကိုအသက်ထက်ဆုံး ဆောင ် က်ခဲ့ပေသည်။

ဆရာသည်၁၂ဧပြီ၁၉၀၇ခုဖွားဖျာပုံဇာတိသားဖြစ်၍ ဦးယောနှင့်ဒေါ်စိန်ညွန့်တို့၏သားဦးရတနာဖြစ်သည်။ ၂၆စက်တင်ဘာ၁၉၉၀ခုတွင်ကွယ်လွန်ခဲ့၍ ရာစုနှစ်တစ်ဝက်မက တိုင်းပြည်နှင့်လူမျိုး ကောင်းကျိုးအတွက် တာဝန်ယူထမ်းရွက်နိုင်ခဲ့သူ ဖြစ်ပေသည်။

ဆရာသည်၁၉၆၉ခုနှစ်တွင်ရန်ကုန်တက္ကသိုလ်များဗဟိုစာကြည့်တိုက်မှူးအဖြစ်မှ အငြိမ်းစားယူခဲ့သော်လည်း ကွယ်လွန်သည့်နေ့အထိ စာကြည့်တိုက်မှူးစိတ်ဓါတ်ကိုမူ အငြိမ်းစားယူသွားလိမ့်မည်မဟုတ်ပေ။ တစ်ခါစာကြည့်တိုက်မှူးဖြစ်ခဲ့ဖူးပါလျှင် ထာဝစဉ်စာကြည့်တိုက်မှူးစိတ်ဓါတ်ရှိတတ်စမြဲမို့ ဆရာဇော်ဂျီ၏အမည်သည်စာကြည့်ကိုက်လောကတွင် မည်သည့်အခါမှကွယ်လွန်ပျောက်ပျက်သွားလိမ့်မည် မဟုတ်ဟု ကျွန်ုပ်တို့ ယူဆပါကြောင်း။ ။

အပြင်အဆင်–
ကျော်အောင်ထွတ်နှင့် မောင်ငွေဝင်း

ကွန်ပျူတာစာစီ– အိမ်မွန်
၃၃ (အက်ဖ်) ရတနာလမ်းသွယ်
၇ မိုင်၊ ဖုံး– ၆၅၅၁၀